## ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

## အဋ္ဌမနေ့ အစီအစဉ်

## [ ၁၁-၁၀-၂၀၁၃] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **ပြည်ထောင်စု အစိုးရ၏ အခွန်ကောက်ခံရငွေများ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဝင်းမြင့်၊ မြင်းခြံ မဲဆန္ဒနယ်၏ **အောင်ဘာလေ သိန်းဆုလက်မှတ် ပြင်ပရောင်းဈေးမှာ ၅၀%ခန့် ကြီးမြင့်နေသည်ကို ပြုပြင်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုးပိုင်၊ ဝန်းသို မဲဆန္ဒနယ်၏ **မြို့နယ်ကို အခြေခံခြင်းထက် ဝန်ထမ်းများ ခက်ခဲကြမ်းတမ်းစွာ တာဝန်ထမ်းဆောင်နေကြရသော ကျေးရွာများကိုလည်း ဝေးလံခေါင်သီဒေသအဖြစ် သတ်မှတ်ပြီး လစာ(၂)ဆ ခံစားခွင့်ရှိဒေသအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးမြင့်ရွှေ၊ ဝေါ မဲဆန္ဒနယ်၏ **စားကျက်မြေများကို ကိုယ်တိုင်ရှင်းလင်း ခဲ့သည့် လယ်ယာမြေများတွင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူလယ်သမားများအား ဦးပိုင်အမည်ပေါက် လုပ်ကိုင် ခွင့်ပြုရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( င ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လုပ်ကိုင်နေကြသည့် NGO, INGO အဖွဲ့အစည်းများ၏ အကြောင်းအရာများကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **နိုင်ငံတော်မှ သတ်မှတ်ထားသော ရှေးဟောင်းဇုန်များနှင့် လယ်ယာမြေများပေါ်သို့ မတိုးရဲ့ရေးအတွက် Future Plan ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးအုန်းငွေ၊ မြောင် မဲဆန္ဒနယ်၏ **မြောင်မြို့နယ်အတွက် အရေးတကြီးလိုအပ်နေသည့် မီးသတ်ကားတစ်စီး ရရှိရေးအတွက် မည်ကဲ့သို့စီစဉ်ထားကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဇ ) ဦးစိုင်းသန်းနိုင်၊ ဖာပွန် မဲဆန္ဒနယ်၏ **ဇေနောင်ရွာကို မြေလွတ်မြေရိုင်းဟု သတ်မှတ်နိုင်ပါသလား၊ သတ်မှတ်နိုင်ပါလျှင် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( စျ ) ဦးစိုးအောင်၊ သဲကုန်း မဲဆန္ဒနယ်(ကိုယ်စား) ဦးရဲထွဋ်ဦး၊ နတ်တလင်း မဲဆန္ဒနယ်၏ **အင်းမမီးသတ်စခန်းတွင် ရေတွင်း၊ ရေစင်၊ ရေကန်များ တည်ဆောက်ပေးရန်၊ ဆင်မြီးဆွဲ၊ ပုတီးကုန်း၊ သဲကုန်း မီးသတ်စခန်းတွင် ရေစုပ်စက်များ ဖြည့်ဆည်းပေးရန်နှင့် ဝက်ပုတ်၊ ဆင်မြီးဆွဲမီးသတ်စခန်းတွင် မီးသတ်ကားတစ်စီးဝယ်ယူရန် မည်သို့ စီစဉ်ပေးမည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးစိုးဝင်း၊ ကျောက်တံတား မဲဆန္ဒနယ်၏ **ရန်ကုန်မြို့လယ်ရှိ အိုမင်းဟောင်းနွမ်းနေသော ရဲစခန်းကြီးများအား ခန့်ညားထည်ဝါသော ရဲစခန်းကြီးများအဖြစ် ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။